ရွှေပန်းကျေးရွာ

မြို့သစ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေပန်းကျေးရွာ၊ မြို့သစ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ

# မာတိကာ


မာတိကာ

၁။ စကားချီး ၃-၄

၂။ ရွှေပန်းကျေးရွာသယံဇာတပြမြေပုံ ၅-၅

၃။ တည်နေရာနှင့် ပထဝီအနေအထား ၆-၆

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ် ၆-၇

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ ၇-၇

(ခ)စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ ၇-၇

(ဂ)အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၇-၈

(ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ၈-၈

(င)ပညာရေး ၈-၈

(စ)ကျန်းမာရေး ၈-၉

(ဆ)ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉-၉

(ဇ)ကျား-မ ရေးရာ ၉-၉

၆။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား ၁၀-၁၈

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၈-၃၃

**၁။စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ရွှေပန်းကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက် အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှ င့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေ များကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာလ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရွှေပန်းကျေးရွာ
မြို့သစ်မြို့နယ်

## ၂။ ရွှေပန်းကျေးရွာ သယံဇာတပြမြေပုံ



- ရွှေပန်းကျေးရွာ၊ ရွှေပန်းကျေးရွာအုပ်စု၊ မြို့သစ်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ရွှေပန်းကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူပါသည်။

## ၃။ ရွှေပန်းကျေးရွာ၏ တည်နေရာနှင့် ပထဝီအနေအထား

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ မြို့သစ်မြို့နယ်သည် မကွေးတိုင်းဒေသကြီးတွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြန်မာနိုင်၏ အလယ်ပိုင်းတွင် တည်ရှိ၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်တွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂၀ဒီဂရီ နှင့် ၂၂ ဒီဂရီ အကြား ၊ အရှေလောင်ဂျီတွဒ် ၉၄ဒီဂရီ နှင့် ၉၆ဒီဂရီအကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ ( ၆၁၂.၀၉ ) စတုရန်းမိုင် ကျယ်ဝန်းပါသည်။

မြို့သစ်မြို့နယ်၏ အရှေဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ၊ တောင်ဘက်တွင် တောင်တွင်းကြီးမြို့နယ်၊ အနောက်ဘက်တွင် မကွေးမြို့နယ်နှင့် မြောက်ဘက်တွင် နတ်မောက်မြို့နယ်တို့နှင့် နယ်နိမိတ် ထိစပ်လျှက်ရှိပါသည်။

ရွှေပန်းကျေးရွာသည် ပထဝီဝင်အနေအထားအရ တောင်ပေါ်ဒေသဖြစ်သောကြောင့် တောင်ကုန်းတောင်တန်းများကြားတွင် တည်ရှိပါသည်။ ရွှေပန်းကျေးရွာ၏ အရှေ့ဘက်တွင် မကွေးတိုင်းဒေသကြီးနှင့် နေပြည်တော် နယ်ခြားမှတ်တိုင်ရှိပါသည်။ တောင်ဘက်တွင် ကျောက်ဖျာကြီးကျေးရွာ၊ အနောက်ဘက်တွင် သရက်ခွကျေးရွာနှင့် ဇီးလုံးကျေးရွာ၊ မြောက်ဘက်တွင် သပြေပင်ဇလုတ်ကျေးရွာ၊ ကိုးတောင်ကျေးရွာ၊ ပိတောက်မြိုင်ကျေးရွာတို့ တည်ရှိပါသည်။ ရွှေပန်းကျေးရွာသည် ကံပြား-နေပြည်တော် လမ်းမကြီး၏မြောက်ဘက် မိုင်တိုင်အမှတ် ၃၀/၁ဖာလုံတွင်တည်ရှိပါသည်။ ရွှေပန်းကျေးရွာ၏ အကျယ်အဝန်း ဧရိယာမှာ (၄၃.၇၁)စတုရန်းပေရှိပါသည်။

မြို့သစ်မြို့နယ်သည် အုပ်စုပေါင်း(၅၂) အုပ်စု၊ ကျေးရွာပေါင်း (၁၇၉)ရွာ တည်ရှိရာ ရွှေပန်းကျေးရွာသည် ရွှေပန်းအုပ်စုတွင် တည်ရှိပါသည်။ရွှေပန်းကျေးရွာသည် အရှေ့ဘက်တွင် ပန်းတင်-တောင်ညိုလမ်း၊ တောင်ဘက်တွင် တောင်တွင်းကြီးမြို့၊ အနောက်ဘက်တွင်မြို့သစ်မြို့၊ မြောက်ဘက်တွင် ပျော်ဖွယ်မြို့နှင့် ရမည်းသင်းမြို့တို့တည်ရှိပါသည်။

ရွှေပန်းကျေးရွာသည် အရှေ့မြောက်မှ စီးဆင်းလာသော စတုံချောင်းနှင့် အရှေ့တောင်မှ စီးဆင်းလာသော ရွှေပန်းချောင်းနှစ်သွယ်၏ ဝဲ/ယာ ရွာတန်းရှည် တစ်ရွာဖြစ်ပါသည်။ ရွှေပန်းကျေးရွာ၏ ကုန်းမြင့်ပိုင်းဖြစ်သော တောင်ကုလမ္မပေါ်တွင် ရွှေဘုံသာစေတီတော် မြတ်ကြီးအား တည်ထားကိုကွယ်လျှက်ရှိပါသည်။ ရွှေပန်းကျေးရွာ၏ အရှေ့ဘက်တွင် ဘုန်းတော်ကြီးကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းရှိပါသည်။

## ၄။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ရွှေပန်းကျေးရွာတွင် နှစ်စဉ်မိုးရေချိန်(၄၀)လက်မခန့်ရှိပြီး သဘာဝပေါက်ပင်များမှာ ကျွန်း၊ ပိတောက်၊ အင်ဂျင်း၊ ထောက်ကြံ့သင်းဝန်၊ သန်း၊ ဒဟတ်၊ ရုံး၊ မှျင်ဝါး၊ ကြက်သောင်းဝါး၊ စသည့် သဘာဝပေါက်ပင်များ ပေါက်လေ့ရှိပါသည်။တောင်ပေါ်ဒေသဖြစ်သောကြောင့် ဆင်၊ မျောက်၊ တောဝက်၊ ဂျီ၊ တောဆိတ်၊ ဖွတ်၊ ဘဒတ်၊ သင်းရန်ဂျက် စသည့် သဘာဝတော တိရိစ္ဆာန်များအား ရံဖန်ရံကာတွေ့ရှိရပါသည်။ ရွှေပန်းကျေးရွာသည် မကွေးတိုင်းဒေသကြီး၏ အရှေ့ဘက်ဆုံးခရိုး နယ်နိမိတ်ဖြစ်ပါသည်။ ရွှေပန်းကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး ပဲ၊ နှမ်း၊ ဝါစသည့် တို့ကိုလည်း စိုက်ပျိုးပါသည်။ လယ်ကေမှာ (၂၅၄.၆၁)ဖြစ်ပြီး ယာကေမှာ (၁၄၇.၉၅)ဖြစ်ပါသည်။

**၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ**

ရွှေပန်းကျေးရွာအတွင်းတွင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်လျှက်ရှိသော အဖွဲ့အစည်း (၇)ဖွဲ့ရှိ ပါသည်။ ၎င်းအဖွဲ့များမှာ ရပ်မိရပ်ဖအဖွဲ့၊ လယ်သမားအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ လူငယ်အဖွဲ့၊ ပရဟိတအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ပညာရေးကော်မတီအဖွဲ့တို့ဖြစ်ပါသည်။ ယင်းအဖွဲ့များအပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ဦးဆောင်၍ ကျေးရွာမှ ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်း၍ ရွေးချယ်ဖွဲ့စည်းထားသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ရှိပါသည်။ ၎င်းအဖွဲ့များသည် မိမိတို့ကော်မတီ၏ လုပ်ငန်းတာဝန်များအား ကဏ္ဍအလိုက် စည်းလုံးညီညွတ်စွာ ဆောင်ရွက်လျှက်ရှိ ပါသည်။ ကျေးရွာပြင်ပမှလည်း WFP အဖွဲ့မှ ကျေးရွာအတွင်းရှိ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် အာဟာရဖြည့်ဝေခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက် ပါသည်။

**(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

ရွှေပန်းကျေးရွာသည် အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် စပါးနှင့် နှမ်းများ စိုက်ပျိုးပြီး မိုးနှောင်းကာလများတွင် ပဲ၊ ဝါ၊ ခရမ်းချဉ်၊ ငရုတ် စသည့် သီးနှံများ စိုက်ပျိုးပါသည်။ စပါးတစ်ကေအထွက်နှုန်းမှာ (၄၅)တင်း၊ နှမ်းတစ်ကေလျှင် (၁၂)တင်း၊ ပဲတစ်ကေလျှင် (၁၂)တင်း၊ ငရုတ်နှင့် ခရမ်းချဉ်တစ်ကေလျှင်(၂၅၀)ပိဿာ တို့ထွက်ရှိပါသည်။ မွေးမြူရေးကိုလည်း စိုက်ပျိုးရေးနှင့်အတူ တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ စိုက်ပျိုးရေးသမား များ၏ အဓိကအခက်အခဲမှာ မိုးလေဝသမမှန်ကန်မှုကြောင့် တောင်သူလယ်သမားများ အရှုံးပေါ်လျှက် ရှိပါသည်။ ရွှေပန်းကျေးရွာတွင် အလုပ်အကိုင်ရှားပါးမှုကြောင့် ရန်ကုန်မြို့နှင့် အခြားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသော တောင်သူလယ်သမားများမှာ လည်း အလုပ်သမားရှားပါးသည့် ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။

အလုပ်အကိုင်ရှားမှုကြောင့် ဝန်ဆောင်ခများမြင့်မားသဖြင့် စိုက်ပျိုးရေးမှ ရရှိငွေနှင့် ထွက်ငွေမမျှတမှုများ ဖြစ်ပေါ်နေပါသည်။ ဈေးကွက်စီးပွားရေးစနစ် မတည်ငြိမ်သဖြင့် တောင်သူလုပ်ကိုင်မှုနည်းပါး လာပါသည်။

**(ဂ)အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

ရွှေပန်းကျေးရွာတွင် သောက်သုံးရေမှာ အဝီစိတွင်း တုံကင်ရေကိုသာအသုံးပြုပါသည်။ ရွှေပန်းကျေးရွာသည် မကွေး-ကံပြား-နေပြည်တော်လမ်းမကြီး၏ ဝဲယာတွင်တည်ရှိပြီး မိုင်တိုင် ၃၀/၁မိုင်တွင်တည်ရှိပါသည်။ ကျေးရွာ၏ ရွာလယ်လမ်းအရှည်မှာ ၁မိုင်ဖဖာလုံခန့်ရှိပြီး မြေသားလမ်း ဖြစ်သောကြောင့် ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ ပြုလုပ်ရာတွင် အခက်အခဲများနှင့် ကြန့်ကြာနှောင့်နှေးမှုများနှင့် အမြဲကြုံတွေ့နေရပါသည်။ လမ်းမကြီးနှင့် ဆက်စပ်နေသော ချဉ်းကပ်လမ်းသွယ် (၃၀)ရှိပါသည်။ ကျေးရွာတွင် မီးလင်းရေးကော်မတီမှ ၂၀၁၃-၂၀၁၄ခုနှစ်တွင် ဆိုလာမီးရရှိရေးအတွက် ဘတ္တရီအိုး (၅၀၀)ဝပ်အင်ဗာတာများအား ပါရှိသည့် ဆိုလာချပ်ရေ (၃၃၆)ခု ကို အိမ်ခြေ (၃၃၆)ဦးအား ရရှိအောင်ဆောင်ရွက်ထားရှိလျှက်ရှိပါသည်။ သို့သော် လက်ရှိအချိန်တွင် ပျက်စီးချို့ယွင်းမှုများကြောင့် အသုံးပြုခြင်းနည်းပြီး ကျောင်းသူ/သားများ စာကြည့်ရာတွင်လည်း အများအားဖြင့် ဖယောင်းတိုင်မီးများသာ အသုံးပြုကြပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

ရွှေပန်းကျေးရွာသည် တောင်သူလယ်သမားများအတွင်လိုအပ်သောချေးငွေကို မည်သည့်အဖွဲ့အစည်းများမှ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူချေးထားခြင်းမရှိပါ။ စိုက်ပျိုးရေးအတွက် ငွေလိုအပ်လာလျှင်လည်း ကျေးရွာအတွင်းမှာသာ ငွေတိုးပေး၍ သုံးစွဲရသောကြောင့် ဆင်းရဲသောတောင် သူများမှာ စီးပွားရေးလုပ်ငန်းများပိုမို အဆင်မပြေဖြစ်ရပါသည်။ အစိုးရဌာနများမှ အတိုးသက်သာသောနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ချထားပေးမည်ဆိုပါက တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းကို လွယ်ကူချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး ဝင်ငွေများရရှိလာမည် ဖြစ်ပါသည်။

**(င) ပညာရေး**

ရွှေပန်းကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းကို ၂၀၁၈-၂၀၁၉ခုနှစ်မှစတင် ရရှိခဲ့ပြီး ယခုအချိန်ထိ ကျောင်းဖွင့်ပွဲ ကျင်းပနိုင်ခြင်းမရှိသေးပါ။ ကျောင်းသားဦးရေမှာ (၆၀၀)ခန့်ရှိသော်လည်း ကျောင်းဆောင်နှင့် မြေနေရာကျဉ်းမြောင်းပါသည်။ ယခုအချိန်တွင် အစိုးရမှချပေးထားသော ကျောင်းဆရာ (၆)ဦး၊ ကျောင်းဆရာမ(၃)ဦးသာရှိပါသည်။ရွာမှ အကူဆရာ၊ဆရာမ (၅)ဦး ရှိပါသည်။ ကျောင်းသားဦးရေနှင့် ကျောင်းသုံးပရိဘောဂများ မလုံလောက်သည့်အတွက် စာသင်ကြားရာတွင် အဆင်မပြေသဖြင့် စာသင်ခုံများလဲလိုအပ်လျှက်ရှိပါသည်။ကျောင်း၍ ယင်လုံအိမ်သာ (၃)လုံးတွဲ

(၁)လုံးသာရှိသောကြောင့် ကျောင်းသား/သူများ အတွက်အဆင်မပြေဖြစ်နေပါသည်။ ကျောင်းအတွက် သောက်သုံးရေကိုလည်း ကျောင်းအနီးအိမ်များမှ သွားရောက်သောက်သုံးရပါသည်။ ကျောင်းဆောင်မှာ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း တစ်ဆောင် နှင့်နောက်တစ်ဆောင်သာရှိသောကြောင့် စာသင်ရာတွင် နံနက်ပိုင်းနှင့် ညနေပိုင်းခွဲ၍ သင်ကြားနေရပါသည်။ ကျောင်းသား/သူများ ပညာသင်ကြားရန် နှစ်ထပ်ကျောင်းဆောင်လိုအပ်လျှက်ရှိပါသည်။

**(စ)ကျန်းမာရေး**

ရွှေပန်းကျေးရွာသည် ကျေးရွာ (၄)ရွာဖြင့်ဖွဲ့စည်းထားသော အုပ်စုကျေးရွာဖြစ်သောကြောင့် ကျန်းမာရေးဆေးပေးခန်းရှိသော်လည်း အရေးကြီးသောကျန်းမာရေးကိစ္စများဖြစ်ပေါ်လာလျှင် မြို့သစ်ဆေးရုံ၊ မကွေးဆေးရုံနှင့် နေပြည်တော်ဆေးရုံများသို့သွားရောက်ကုသရပါသည်။ ရွှေပန်းကျေးရွာမှ မြို့သစ်မြို့သို့ (၂၀)မိုင်၊ မကွေးမြို့သို့ (၅၅)မိုင်၊ နေပြည်တော်သို့ (၅၆)မိုင် အသီးသီးကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော တောင်ပေါ်ကျေးရွာလေး တစ်ရွာဖြစ်ပါသည်။ ရွှေပန်းကျေးရွာကျေးလက်ဆေးပေးခန်းသည် ဒန့်ဒလွန်ပင်အုပ်စု တွင်ပါရှိသော ကျန်းမာရေးဆေးပေးခန်းဖြစ်သော်လည်း ဒန့်ဒလွန်ပင် တိုက်နယ်ဆေးရုံနှင့် (၃၈)မိုင်ခန့်ကွာဝေးပြီး သွားလာရခက်ခဲပါသည်။

**(ဆ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ရွှေပန်းကျေးရွာသည် တောင်ပေါ်ကျေးရွာဖြစ်သောကြောင့် မိုးရွာသွန်းမှုများပါသည်။ ချောင်းများ၊ မြောင်းများ၊ ရိုးများ ပေါများသောကြောင့် ရေကြီးရေလျှံ၍ ရေလွမ်းမိုးမှုများ နှစ်စဉ်ကြုံတွေ့ရပါသည်။ ရွှေပန်းကျေးရွာသည် စတုံချောင်းနှင့် ရွှေပန်းချောင်းဆုံတွင်တည်ရှိပြီး ရွာတန်းရှည်ဖြစ်ပါသည်။ မိုးတွင်းကာလ မိုးကြီးချိန်များတွင် ထိုချောင်းနှစ်ချောင်းမှရေများသည် ကျေးရွာတွင်ဖြတ်ကျော်တိုက်စားမှုများကြောင့် ရေကျချိန်တွင် နောက်ပြန်ချောင်းများ ကမ်းပါးပြိုခြင်းဖြစ်ပေါ်ပါသည်။ ထိုနောက်ပြန်ချောင်းများသည် ရွာလယ်လမ်းမကြီးအနီးသို့ (၃)ပေမျှနီးကပ်စွာကျရောက်နေသဖြင့် ရေကာတာ(သို့) ရေထိန်းနံရံများ ဆောင်ရွက်မှသာ ကျေးရွာအားထိခိုက်နိုင်သော သဘာဝဘေးအန္တရာယ်များမှ ကင်းဝေးမည်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးကို ကျေးရွာနေ တောင်သူလယ်သမားများ (၅)ဦးအဖွဲ့ဖွဲ့၍ စုဖွဲ့စိုက်ခင်းများ စိုက်ပျိုးလျှက်ရှိပါသည်။ ပုဂ္ဂလိက စိုက်ခင်းများကိုလည်း ဝိုင်းဝန်းစိုက်ပျိုးလျှက်ရှိပြီး အစိုးရမှလည်း စီမံကိန်းချ၍ သစ်တောကြိုးဝန်းစိုက်ခင်းများစိုက်ပျိုးထားပါသည်။ ထိုစိုက်ခင်းများကြောင့် သစ်တောပြန်လည်းစိမ်းလန်းလာပြီး သဘာဝပတ်ဝန်းကျင်ထိမ်းသိန်းရေးကို ပြန်လည်ပြုပြင်လျှက်ရှိပါသည်။

**(ဇ) ကျား-မ ရေးရာ**

ရွှေပန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမျိုးသားများကဦးဆောင်မှုပြုပြီး အမျိုးသမီးများကလည်း ပူးပေါင်းပါဝင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသားများ က ထွန်ယက်၊ ပျိုးကြဲ လုပ်ငန်းများတွင် ဆောင်ရွက်ပြီး အမျိုးသမီးများက ပေါင်းနုတ်၊ ပေါင်းပေါက်၊ ကောက်စိုက်၊ ရိတ်သိမ်းခြင်းများဖြင့် ပူးပေါင်းဆောင်ရွက် ကြပါသည်။ ဘာသာရေးနှင့် သာရေး၊နာရေး ကိစ္စများတွင်လည်း အမျိုးသမီးများမှ မိမိတို့တက်ရာနေရာများမှ ကူညီဆောင်ရွက်ကြပါသည်။ ကျောင်းထိုင်ဆရာတော်ကြီး၏ ညွှန်ကြားမှုဖြင့် နှစ်ထပ်ကျောင်းဆောင်ဆောက်လုပ်ရန် စုပေါင်းအလှူခံဌာနများဖွင့်လှစ်၍ အမျိုးသားများသာမက အမျိုးသမီးများပါ ဝိုင်းဝန်းလှူဒါန်း ကြပါသည်။ အနာဂတ် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာပေဟောပြောပွဲများပြုလုပ်ခြင်းကို နှစ်စဉ် စဉ်ဆက်မပြတ် ပြုလုပ်ပေးလျှက်ရှိပါသည်။ ခေတ်သစ်နဂါးနီ စာကြည့်တိုက်ကိုလည်း ၂၀၁၆ခုနှစ်က ဖွင့်လှစ်တည်ထောင်ခဲ့ပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ(၁)ဖွံ့ဖြိုးရေးဗျူဟာဇယား

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | ပညာရေး | နှစ်ထပ်စာသင်ကျောင်းဆောင်တည်ဆောက်ခြင်း | ၁ |
| ၂ | လမ်းတံတား | ရွာလယ်လမ်းကျောက်ချောခင်းခြင်း | ၂ |
| ၃ | လမ်းတံတား | စာသင်ကျောင်းသို့သွားသော်လမ်းကျောက်ချောခင်းခြင်း | ၃ |
| ၄ | ကျေးရွာအားထိခိုက်စေသောဘေးအန္တရာယ် | ရေတိုက်စားမှုဖြစ်နေ၍ ရေကာတာတည်ဆောက်ခြင်း | ၄ |
| ၅ | လူငယ်ဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှု | စာကြည့်တိုက်ပြန်လည်ပြုပြင်ရန်နှင့် ပရိဘောဂ ပစ္စည်းများ ရရှိအောင်ဆောင်ရွက်ခြင်း | ၅ |
| ၆ | စိုက်/မွေး မဟုတ်သောဝင်ငွေရလုပ်ငန်းများ | အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ဆောင်ရွက်ခြင်း | ၆ |
| ၇ | စိုက်/မွေး မဟုတ်သော | ချေးငွေရရှိအောင်ဆောင်ရွက်ခြင်း | ၇ |

| | | | |
|---|---|---|---|
| | ဝင်ငွေရလုပ်ငန်းများ | | |
| ၈ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ရရှိအောင် ဆောင်ရွက်ရန် | ၈ |
| ၉ | ကျန်းမာရေး | ကျန်းမာရေးဆေးပေးခန်းအတွက် ဆေးဝါးနှင့်ပရိဘောဂ ပစ္စည်းများရရှိအောင်ဆောင်ရွက်ခြင်း | ၉ |
| ၁၀ | စိုက်ပျိုးရေး | လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ဆောင်ရွက်ပေးခြင်း | ၁၀ |
| ၁၁ | စိုက်ပျိုးရေး | တောင်ကျချောင်းရေအား တစ်ဖက်ပိတ်ဆည် ဆောင်ရွက်ခြင်း | ၁၁ |

# မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# မြို့သစ်မြို့နယ်၊ရွှေပန်းကျေးရွာအုပ်စု၊ရွှေပန်းကျေးရွာ၏
# ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **စိုက်ပျိုးရေး** | | | | | |
| ၁ | -သီးနှံအထွက်နှုန်း နည်းပါးခြင်း။ | -သီးနှံမျိုးကောင်းမျိုးသန့်များ အလွယ်တကူမရခြင်း။ | -မြို့တွင်စိုက်ပျိုးရေးဦးစီးဌာန ရှိခြင်း။<br>-စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲများ/သင်တန်းများ တက်ရောက်နိုင်ခြင်း။ | -နည်းပညာ ဗဟုသုတနည်းပါးခြင်း | -နည်းပညာ ဗဟုသုတများရရန်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | -စိုက်ပျိုးရေးအတွက် နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ရရှိအောင်ဆောင်ရွက်ခြင်း။ |
| ၂ | -အလုပ်သမားရှားပါး ခြင်းနှင့် အလုပ်သမားဈေးကြီး သောကြောင့် အမြတ်အစွန်းနည်းနေခြင်း။ | -လုပ်ခလစာနည်းခြင်းကြောင့် အခြားဒေသသို့ သွားရောက်လုပ်ကိုင်နေခြင်း။<br>-စက်ပစ္စည်း အသုံးပြုရန်ငွေကြေး မတတ်နိုင်ခြင်း။ | -စက်မှုလယ်ယာ ဦးစီးဌာနရှိခြင်း။<br>-လယ်ယာမြေများအများဆုံးလုပ်ကိုင်နေခြင်း။ | -ငွေကြေးမတတ်နိုင်ခြင်း။ | -စက်မှုလယ်ယာ ဦးစီးဌာနနှင့် ချိတ်ဆက်၍ စက်ပစ္စည်း ဝယ်ယူ/ငှားရမ်းနိုင်ရေး ဆောင်ရွက်ခြင်း။ | -လယ်/ယာသုံး စက်ပစ္စည်းများ ဈေးနှုန်းချိုသာ အရစ်ကျစနစ်ဖြင့်ဝယ်ယူ/ငှါးရမ်းခြင်း။ |
| ၃ | -စိုက်ပျိုးရေးအတွက်ရေ လုံလောက်မှု မရှိခြင်း။ | -မိုးရေရရှိမှုနည်းပါးခြင်း။<br>-ဆည်ရေရရှိမှု အားနည်းခြင်း။ | -တစ်ဖက်ပိတ်ဆည် ဆောင်ရွက်ရန် မြေနေရာရှိခြင်း။<br>-ကျေးရွာမှ လူထုလုပ်အားစိုက်ထုတ်နိုင်ခြင်း။ | -နည်းပညာအားနည်းခြင်း။<br>-ငွေကြေးအားနည်းခြင်း။ | -သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ | -တောင်ကျချောင်းရေအား တစ်ဖက်ပိတ်ဆည်တည်ဆောက်ပေးခြင်း။ |
| | **ပညာရေး** | | | | | |
| ၄ | -စာသင်ကျောင်းဆောင်နည်း၍ မလုံလောက်ခြင်း။ | -ကျောင်းသား/သူများ ပညာသင်ကြားရာတွင် | -ကျေးရွာလူထုမှ လုပ်အားဖြင့် ပါဝင်ဆောင်ရွက်နိုင် | -ငွေကြေးမတတ်နိုင်ခြင်း။ | -ပညာရေးဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း။ | -နှစ်ထပ်စာသင်ကျောင်း ဆောင်တည်ဆောက်ခြင်း။ |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | အဆင်မပြေဖြစ်နေခြင်း။<br>-မိုးတွင်းကာလတွင် ရာသီဥတု ဒါဏ်ခံရခြင်း။ | ခြင်း။ | -ကျောင်းသားဦးရေ များနေခြင်း။ | -ရပ်မိရပ်ဖများနှင့် ကော်မတီအဖွဲ့များမှ ဦးဆောင်ဆောင်ရွက် သွားရန်။ | |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **အခြေခံအဆောက်အဦ** | | | | | |
| ၅ | -မြေသားလမ်းသာရှိ၍ လမ်းမကောင်းခြင်း။<br>-မိုးတွင်းကာလ၌ သွားလာရ ခက်ခဲခြင်း။ | -သီးနှံနှင့် ဈေးကုန်များ အချိန်မှီဝယ်ယူရောင်းချနိုင်မှုမရှိခြင်း<br>-သီးနှံများ အချိန်လွန်၍ ဈေးကောင်းမရရှိခြင်း။ | -ကျေးလက်လမ်းဦးစီးဌာန ရှိခြင်း။<br>-ရွာသူ/သားများ ပူးပေါင်းဆောင်နိုင်ခြင်း။ | -ငွေကြေးမတတ်နိုင် ခြင်း။ | -ကျေးရွာဆက်ကော်မတီဖွဲ့စည်းပြီး သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ | -လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ရွာတွင်းလမ်းများ ကျောက်ချောခင်းခြင်း။ |
| ၆ | -ကျောင်းသား/သူများ ပညာသင်ကြားရာတွင် နှောင့်နှေးကြန့်ကြာခြင်း။ | -မြေသားလမ်းဖြစ်နေသော ကြောင့် သွားလာရခက်ခဲခြင်း။ | -ကျေးလက်လမ်းဦးစီးဌာန ရှိခြင်း။<br>-ရွာသူ/သားများ ပူးပေါင်းဆောင်နိုင်ခြင်း။ | -ငွေကြေးမတတ်နိုင် ခြင်း၊ | -ကျေးရွာဆက်ကော်မတီဖွဲ့စည်းပြီး သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ | -စာသင်ကျောင်းသို့သွားသောလမ်းကျောက်ချောလမ်းခင်းခြင်း။ |
| | **ကျန်းမာရေး** | | | | | |
| ၇ | -သွေးလွန်တုပ်ကွေး ရောဂါဖြစ်ခြင်း။ | -ခြင်ကိုက်ခံရခြင်း၊<br>ပတ်ဝန်းကျင်မသန့်ရှင်းခြင်း၊ | -ကျန်းမာရေးဆေးပေးခန်းရှိ ခြင်း။ | -ကျန်းမာရေး ဗဟုသုတအသိနည်းခြင်း။ | -ရာသီအလိုက်ဖြစ်သော ရောဂါများအား | -ရွာသူ/သားများစုပေါင်း၍ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် |

| | | | | | | |
|---|---|---|---|---|---|---|
| | | ရေဆိုးရေပုပ်များရှိနေခြင်း။ | -ကျန်းမာရေးဌာနမှ ရေလှောင်ကန်များတွင် ခြင်ဆေးများလာရောက်ထ ည့်ပေးခြင်း။ | -ပတ်ဝန်းကျင်သန့် ရှင်းရေးဆောင်ရွက်မှု အားနည်းခြင်း။ | ကြိုတင်ကာကွယ်မှု များ ဆောင်ရွက်ပေး ခြင်း။ | ခြုံနွယ်များရှင်းလင်းခြင်း အားအပတ်စဉ်ဆောင်ရွက်ခြင် -ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေး ခြင်း။ |
| | **ကျန်မာရေး** | | | | | |
| ၈ | -ဆေးခန်းသုံး ဆေးဝါးများ နှင့် ပစ္စည်းကိရိယာများ လုံလောက်မှုမရှိခြင်း။ | -ကျန်းမာရေးကိစ္စများဖြစ်လျှင် အချိန်မှီ မကာကွယ်နိုင်ခြင်း။ | -ကျန်းမာရေးဆေးပေးခန်း ရှိခြင်း။ | -ငွေကြေးအခက်အခဲ ရှိခြင်း။<br>-ကျန်းမာရေး ဗဟုသု တနည်းခြင်း။ | -ရွာအကြီးအကဲများမှ ကျန်းမာရေး ဦးစီးဌာန သို့ တင်ပြတောင်းခံ ခြင်း။ | -ဆေးပေးခန်းအတွက် ဆေးဝါးများနှင့် ပရိဘောဂ ပစ္စည်းများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း။ |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **ကျား/မရေးရာ** | | | | | |
| ၉ | -ရပ်ရွာအရေး ဆောင်ရွက်ရာ တွင် အမျိုးသမီးထု၏ ခေါင်း ဆောင်မှု အားနည်းခြင်း။ | -အိမ်မှုကိစ္စများ ဆောင်ရွက်နေ ရခြင်း။<br>-အမျိုးသမီးများအား အလေး ထား လေးစားမှုမရှိခြင်း။ | -ပူးပေါင်းပါဝင်လိုစိတ် ရှိ ခြင်း။ | -တန်းတူအခွင့်အရေး မရခြင်း။ | -အမျိုးသားအဖွဲ့များမှ အမျိုးသမီးများအား နေရာပေး၍ လက်တွဲ ခေါ်ယူခြင်း။<br>-အမျိုးသမီးများ ကိုယ်တိုင် ရပ်ရွာ အစည်းအဝေးပွဲများ တက်ရောက်ခြင်း။ | -အမျိုးသမီးများ၏ စိတ်ဓါတ် နှင့် စွမ်းဆောင်ရည်မြှင့်တင် ရေးသင်တန်း/ ဟောပြောပွဲ များ ပြုလုပ်ပေးခြင်း။ |
| | **လူငယ် ၊ ယဉ်ကျေးမှုနှင့် အားကစား** | | | | | |
| ၁၀ | -လူငယ်များ အသိပညာ ဗဟု သုတရှာရန် အနေအထိုင်အယုက် ဖြစ်ခြင်း | -စာကြည့်တိုက်အဆောက် အဦးမကောင်းခြင်း | -စိတ်အားထက်သန်မှု ရှိခြင်း<br>-စာပေလေ့လာရန် စာအုပ် များရှိခြင်း | - အဆောက်အဦပိုင်ခံမှု မရှိခြင်း | -ရပ်မိရပ်ဖများမှ စာပေလေ့လာနိုင်ရန် စီစဉ်ပေးခြင်း | -စာကြည့်တိုက် ပြန်လည် ပြုပြင်ရန်နှင့် ပရိဘောဂ ပစ္စည်းများရရှိအောင် ဆောင် |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | – ပရိဘောဂပစ္စည်းများ မရှိခြင်း | –စာအုပ်စာပေ ဖတ်ခိုင်းခြင်း။ | ရှက်ပေးခြင်း |
| ၁၁ | –အားလပ်ချိန်တွင် အကျိုးရှိစွာ အသုံးမချခြင်း။ | –အခြားအချိန်ဖြုန်းစရာများစွာရှိခြင်း။<br>–စာပေနှင့်ဗဟုသုတစာစောင်များ ဖတ်ရှုမှုမရှိခြင်း။ | –စာပေလေ့လာမည့်ကလေးသူငယ်များရှိခြင်း။ | –ဖုန်းနှင့်တီဗီများကို အလွန်အကျွံကြည့်ရှုခြင်း။ | –ရာသီအလိုက် အားကစားပွဲများ ကျင်းပပေးခြင်း။ | – စာပေဟောပြောပွဲများပြုလုပ်ပေးခြင်း။ |
| | **ကျေးရွာအားထိခိုက်စေသောသဘာဝဘေးအန္တရာယ်များ** | | | | | |
| ၁၂ | –မြေယာများဆုံးရှုံးမှုဖြစ်ပေါ်နေခြင်း။<br>–တောင်ကျချောင်းရေများကြောင့်အိမ်နေရာများပြောင်းရွှေ့နေထိုင်ရခြင်း။ | –ကျေးရွာဧရိယာအတွင်းရှိမြေနေရာများအားချောင်းရေတိုက်စားနေခြင်း။ | –ရွာသူ/သားများမှလုပ်အားဒါနပေးနိုင်ခြင်း။<br>–သဲနှင့်ကျောက်များဝယ်ယူရလွယ်ကူခြင်း။ | –ငွေကြေးမတက်နိုင်ခြင်း။<br>–နည်းပညာအားနည်းနေခြင်း။ | –သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | – ရေကာတာတည်ဆောက်ပေးခြင်း။ |
| **စဉ်** | **လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ** | **အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း** | **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ** | **အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ** | **ဖြေရှင်းရန် နည်းလမ်းများ** | **အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ** |
| | **စိုက်/မွေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၁၃ | –အားလပ်ချိန်တွင် အကျိုးရှိစွာ အသုံးမချခြင်း။ | –မိရိုးဖလာလုပ်ငန်းသာလုပ်ကိုင်တက်၍ အခြားစီးပွားရေးမလုပ်ကိုင်တက်ခြင်း။ | –လူငယ်များသည် အသိပညာ၊ အတက်ပညာများလေ့လာသင်ယူရန် စိတ်ပါဝင်စားခြင်း။ | –ပညာများလေ့လာစည်းပူးရန် အချိန်နှင့်ငွေကြေးမတက်နိုင်ခြင်း။ | –သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ရန်။ | –အသက်မွေးဝမ်းကြောင်းပညာပေးသင်တန်းများဖွင့်လှစ်ပေးရန်။ |
| ၁၄ | –စီးပွားရေးအဆင်မပြေဖြစ်ရခြင်း။ | –အိမ်ဆိုင်နှင့်ဈေးဆိုင်ငယ်များတွင် ကုန်ပစ္စည်းများပြည့်စုံစွာ မရောင်းချနိုင်ခြင်း။ | –ကျေးရွာတွင် ကုန်စုံဆိုင်ငယ်များရှိခြင်း။ | –ငွေကြေးအရင်းအနှီးနည်းပါး ခြင်း။ | –ရပ်မိရပ်ဖများမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားရန်။ | –ချေးငွေရရှိအောင် ဆောင်ရွက်သွားရန်။ |

**မြို့သစ်မြို့နယ် ၊ ရွှေပန်းကျေးရွာအုပ်စု ၊ ရွှေပန်းကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ**

**စီမံချက်တစ်ခုချင်းစီအတွက် အရေးကြီးမှုအပေါ်မူတည်၍ အမှတ်ပေးဇယား( ၁မှတ် မှ ၁၀မှတ်ထိ )**

| စဉ် | စီမံချက်လုပ်ငန်း အမည် | ရပ်မိရပ်ဖအုပ်စု | | လယ်သမားအုပ်စု | | အမျိုးသမီးအုပ်စု | | လူငယ်အုပ်စု | | စိုက်/မွေး မဟုတ်သောအုပ်စု | | စုစုပေါင်း ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အမှတ် | အမှတ် | အမှတ် | အမှတ် | အမှတ် | အမှတ် | အမှတ် | အမှတ် | အမှတ် | အမှတ် | | |

| | | ပေးသူ (၁) | ပေးသူ (၂) | ပေးသူ (၁) | ပေးသူ (၂) | ပေးသူ (၁) | ပေးသူ (၂) | ပေးသူ (၁) | ပေးသူ (၂) | ပေးသူ (၁) | ပေးသူ (၂) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | စာကြည့်တိုက်ပြန်လည်ပြုပြင်ရန်နှင့်ပရိဘောဂပစ္စည်းများဆောင်ရွက်ခြင်း | ၆ | ၆ | ၆ | ၆ | ၆ | ၆ | ၆ | ၆ | ၆ | ၆ | ၆၀ | ၅ |
| ၂ | ကျန်းမာရေးဆေးပေးခန်းအတွက်ဆေးဝါးများနှင့်ပရိဘောဂပစ္စည်းများပြည့်စုံအောင်ဆောင်ရွက်ခြင်း | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂၀ | ၉ |
| ၃ | ရွာလယ်လမ်း(ကျောက်ချော)ခင်းခြင်း | ၉ | ၉ | ၉ | ၉ | ၉ | ၉ | ၉ | ၉ | ၉ | ၉ | ၉၀ | ၂ |
| ၄ | တောင်ကျချောင်းရေအားတစ်ဖက်ပိတ်ဆည်ဆောင်ရွက်ခြင်း | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁၀ | ၁၁ |
| ၅ | ရေကာတာတည်ဆောက်ခြင်း | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇၀ | ၄ |
| ၆ | နှစ်ထပ်စာသင်ကျောင်းဆောင်တည်ဆောက်ခြင်း | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၁ |
| ၇ | လယ်ယာသုံးစက်ပစ္စည်းများအရစ်ကျစနစ်ဖြင့်ဆောင်ရွက်ခြင်း | ၁ | ၁ | ၃ | ၁ | ၂ | ၁ | ၃ | ၁ | ၂ | ၃ | ၁၈ | ၁၀ |
| ၈ | စိုက်ပျိုးရေးနည်းပညာနှင့်မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ခြင်း | ၃ | ၃ | ၃ | ၃ | ၃ | ၃ | ၃ | ၃ | ၃ | ၃ | ၃၀ | ၈ |
| ၉ | စာသင်ကျောင်းသို့သွားသောချဉ်ကပ်လမ်းကျောက်ချောခင်းခြင်း | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈၀ | ၃ |
| ၁၀ | အသက်မွေးဝမ်းကြောင်းနည်းပညာသင်တန်းများဆောင်ရွက်ပေးခြင်း | ၅ | ၅ | ၅ | ၅ | ၅ | ၅ | ၅ | ၅ | ၅ | ၅ | ၅၀ | ၆ |
| ၁၁ | ချေးငွေများရရှိအောင်ဆောင်ရွက်ခြင်း | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄၀ | ၇ |

**မြို့သစ်မြို့နယ် ၊ ရွှေပန်းကျေးရွာအုပ်စု ၊ ရွှေပန်းကျေးရွာ၏ ဘဏ္ဍာနှစ်အလိုက်စီမံချက်လုပ်ငန်းများ**

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေး အဆင့် | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | နှစ်ထပ်စာသင်ကျောင်းဆောင်တည်ဆောက်ခြင်း | ၁ | ✓ | | | | |
| ၂ | ရွာလယ်လမ်း(ကျောက်ချော)ခင်းခြင်း | ၂ | ✓ | | | | |
| ၃ | စာသင်ကျောင်းသို့သွားသောချဉ်ကပ်လမ်းကျောက်ချောခင်းခြင်း | ၃ | | ✓ | | | |
| ၄ | ရေကာတာတည်ဆောက်ခြင်း | ၄ | | ✓ | | | |
| ၅ | စာကြည့်တိုက်ပြန်လည်ပြုပြင်ရန်နှင့်ပရိဘောဂပစ္စည်းများဆောင်ရွက်ခြင်း | ၅ | | | ✓ | | |
| ၆ | အသက်မွေးဝမ်းကြောင်းနည်းပညာသင်တန်းများဆောင်ရွက်ပေးခြင်း | ၆ | | | ✓ | | |
| ၇ | ချေးငွေများရရှိအောင်ဆောင်ရွက်ခြင်း | ၇ | | | | ✓ | |
| ၈ | စိုက်ပျိုးရေးနည်းပညာနှင့်မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ခြင်း | ၈ | | | | | ✓ |
| ၉ | ကျန်းမာရေးဆေးပေးခန်းအတွက်ဆေးဝါးများနှင့်ပရိဘောဂပစ္စည်းများ ပြည့်စုံအောင်ဆောင်ရွက်ခြင်း | ၉ | | | | ✓ | |
| ၁၀ | လယ်ယာသုံးစက်ပစ္စည်းများအရစ်ကျစနစ်ဖြင့်ဆောင်ရွက်ခြင်း | ၁၀ | | | | ✓ | |
| ၁၁ | တောင်ကျချောင်းရေအားတစ်ဖက်ပိတ်ဆည်ဆောင်ရွက်ခြင်း | ၁၁ | | ✓ | | | |

ရွှေပန်းကျေးရွာ　　　ရာသီခွင်ပြက္ခဒိန်　　　9.7.2018

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | မြူနှင်းကျ | မြူနှင်းကျ | မြူနှင်းကျ | | |
| အလုပ်အကိုင် | [illegible] | မျိုးကြဲ | ပေါင်းပေါက် | လယ်ထွန် | ပါရိုက် | ပေါင်းရှင်း | [illegible] | လယ်ရိတ် | | | | [illegible] |
| ဝင်လုပ်ဝင်ငွေ | | | | | | | | | | | | |
| အသုံးစရိတ် | | | | | | | | | | | | |
| ချေးငွေလိုအပ်မှု | | | | | | | | | | | | |
| ဝမ်းစာရလုံမှု | နည်းပါး | နည်းပါး | နည်းပါး | နည်းပါး | နည်းပါး | တင့်တင့် | တင့်တင့် | လုံလုံ | လုံလုံ | လုံလုံ | တင့်တင့် | တင့်တင့် |
| သောက်သုံးရေရရှိမှု | | | | | | | | | | | | |
| တိရိစ္ဆာန်အစာရရှိမှု | | | | | | | | | | | | |
| တိရိစ္ဆာန်ရောဂါကျရောက်မှု | | ခွာနာ လျှာနာ | ခွာနာ လျှာနာ | ဖျားနာ | | [illegible] | | | | | | ကြက်နာ |
| ကျန်းမာရေးအခြေအနေ | | | | တုပ်ကွေးဖျား | ငှက်ဖျား | | | | | | | ဖျားနာ |
| သီးနှံပိုးမွှားရောဂါကျရောက်မှု | | | | [illegible] | [illegible] | | | | ပဲရွက်စားပိုး | [illegible] | | |
| ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | | | | | မီးထွန်းပွဲ | တန်ဆောင်တိုင် မီးထွန်းပွဲ | | | | |

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၆ | ၁၂ | ၂၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၅၁ | ၅၆ | ၁၀၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၂၂ | ၁၃၀ | ၂၅၂ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၂၇ | ၁၀၄ | ၂၃၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၉၅ | ၆၁၈ | ၁၂၁၃ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၆ | ၂၂ | ၃၈ |
| **စုစုပေါင်း** | | **၉၂၇** | **၉၄၅** | **၁၈၇၂** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၅၀** | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ရွှေပန်းကျေးရွာတွင် အိမ်ထောင်စု(၄၅၀)စုနှင့်ကျား(၉၂၇)ဦး၊ မ (၉၄၅)ဦး ရှိပြီး လူဦးရေစုစုပေါင်းမှာ(၁၈၇၂) ရှိပါသည်။ ရွှေပန်းကျေးရွာသည် အများအားဖြင့် ဗုဒ္ဓဘာသာ ၊ မြန်မာလူမျိုးများသာဖြစ်ပါသည်။ ရွှေပန်းကျေးရွာတွင် ကျောင်းနေအရွယ်ကလေးနှင့် သက်ကြီးရွယ်အိုမှီခိုသူမှာ (၃၅%)ခန့်ရှိပြီး (၆၅%) ခန့်သည် အလုပ်လုပ်နိုင်သောလူဦးရေ ဖြစ်သောကြောင့် အလုပ်လုပ်နိုင်မှုအင်အားကြီးမားပါသည်။**

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေးကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| **လယ်မြေ** | ၂၅၄.၆၁ | **သင့်** | **အနည်းအကျဉ်း** | **စိမ့်စိမ်းရေ** |
| **ယာမြေ** | ၁၄၇.၉၅ | **သင့်** | **အနည်းအကျဉ်း** | **စိမ့်စိမ်းရေ** |
| **ဥယျာဉ်ခြံမြေ** | | | | |
| **အိမ်ခြံဝင်းစိုက်ခင်း** | | | | |
| **ကိုင်း/ကျွန်းမြေ** | | | | |
| **စားကျက်မြေ** | | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေးကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၆၀၂.၅၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ရွှေပန်းကျေးရွာတွင်လယ်မြေထက်ယာမြေက ပိုများပါသည်။ လယ်မြေစိုက်ပျိုးရာတွင် မိုးကောင်းသောက်ရေများဖြစ်သည့်အတွက် ရေလုံလောက်မှု နည်းပါသည်။ လယ်/ယာ လုပ်ငန်းများတွက် တစ်နေ့လုပ်အားခမှာ အမျိုးသား ၄၀၀၀/– အမျိုးသမီး ၃၅၀၀/– ရရှိသော်လည်း စားဝတ်နေရေး အဆင်မပြေကြပါ။ လယ်ယာစိုက်ပျိုးချိန်များမှသာ ဝင်ငွေရရှိပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | – | – |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | – | |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | – | – |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | – | – |
| ပျှမ်းမျှအပူချိန် – | ပျှမ်းမျှ မိုးရေချိန် – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ရွှေပန်းကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ မရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
